# ကြေးမုံ
**The Mirror**

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ စနေနေ့၊ (13-2-2010) (၆၁၁၃)


## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကောင်းမွန်သောအနာဂတ်ကို ဖော်ဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးတို့အား ရွေးကောက်နိုင်ရန် ဆုံးဖြတ်ကြရမည်



နိုင်ငံတော်သစ်ကို တည်ဆောက်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားတို့က တစ်ခဲနက်ထောက်ခံ အတည်ပြုခဲ့ကြပြီးနောက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အရ ယခုနှစ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပမည်ဖြစ်ပေသည်။ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ရရှိကြတော့မည်ဖြစ်ရာ နိုင်ငံသားတို့၏ ကောင်းမွန်သောအနာဂတ်ကို ဖော်ဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးတို့အား ရွေးကောက်နိုင်ရန် အများဆန္ဒဖြင့် ဆုံးဖြတ်ကြရမည်ဖြစ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ-

## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ညှိ့ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)



# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပသည့် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

ကြေးမုံ The Mirror

၁၃-၂-၂၀၁၀
(စနေနေ့)

# အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု

နိုင်ငံမြောက်ဖျားရှိ ဝေသီမြင့်မားသောတောင်တန်းကြီးများမှ မြစ်ဖျားခံလာသော မြစ်ချောင်းအသွယ်သွယ်တို့ ပေါင်းဆုံ၍ ဧရာဝတီမြစ်ကြီးအဖြစ် စီးဆင်းနေသည်။ တောင်ဘက်သမုဒ္ဒရာအစပ် မြစ်ဝကျွန်းပေါ်အထိ ဖြစ်သည်။ တောင်စဉ်တောင်တန်း၊ မြေပြန့်လွင်ပြင်ဒေသတစ်ခွင်သည် မြသားကမ္ဗလာ စိမ်းရောင်ဖြာလျက် ရေမြေသယံဇာတ ပေါများကြွယ်ဝလှသည်။

သာယာဝပြောသော မြန်မာနိုင်ငံ၏ ဒေသတိုင်းတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားပေါင်းစုံတို့ ရှေးပဝေသဏီမှသည် ယနေ့ကာလအထိ ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည်။ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းပကား၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်နှင့် ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓာတ်တို့ဖြင့် ကျူးကျော်စိုးမိုးသူ နယ်ချဲ့တို့ကို တွန်းလှန်နိုင်ခဲ့ကြသည်။ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝကို ပြန်လည်ရယူထိန်းသိမ်းနိုင်ခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၀ ပြည့်နှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာတွင် **"ဤမြေ ဤရေတွင် ပေါက်ဖွားခဲ့ကြသည့် နိုင်ငံသားအားလုံးသည် အသီးတစ်ရာအညှာတစ်ခုဖြစ်ကြောင်း ခိုင်မာခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ရှည်လျားလှသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းသည် တိုင်းရင်းသားလူမျိုးများအားလုံး၏ သမိုင်းပင် ဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးနှင့် ရရှိထားပြီးဖြစ်သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ဆုံးရှုံးမှု မရှိစေရေးတို့အတွက် ပြည်ထောင်စုသားတို့သည် နိုင်ငံတော်၏ မည်သည့်နေရာ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် အလွန်အရေးကြီးပေသည်"** ဟူ၍ ဖော်ပြပါရှိသည်။

ယခုအခါ ပြည်သူအများ၏ လိုလားတောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုနိုင်ခဲ့ပြီ။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပတော့မည် ဖြစ်သည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ရရှိကြပေတော့မည်။ နိုင်ငံသားတို့၏ကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးတို့အား ရွေးကောက်နိုင်ရန် အများဆန္ဒဖြင့် ဆုံးဖြတ်ကြရမည် ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။ သမိုင်းအတွေ့အကြုံများအရ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အပြန်အလှန်ချစ်ကြည် ပြည်ထောင်စုစိတ်ဓာတ် ထာဝရခိုင်ကျည်နေခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းသာယာဖွံ့ဖြိုးမှုများ အဓွန့်ရှည် တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။ ။



## ဆုချီးမြှင့်

**အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပုဇွန်တောင်မြို့နယ်၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မယမင်းစိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့် ဆုချီးမြှင့်စဉ်။** (ကြေးမုံ)

| | |
|---|---|
| **ပြည်သူ့ သဘောထား** | ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။<br>✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။<br>✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။<br>✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ THAICOM Public Company Limited မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ THAICOM Public Company Limited မှ ဒုတိယဥက္ကဋ္ဌ Mr. Makin Petplai နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ရုံးအဖွဲ့မှူး ဦးမြင့်ထွေးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထိုင်းနိုင်ငံ THAICOM Public Company Limited မှ ဒုတိယဥက္ကဋ္ဌ Mr.Makin Petplai နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## News Watch (စောင့်ကြည့်)ဂျာနယ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များကို ဖမ်းဆီး၊ တရုတ်များ အလိုအရ ကျားနှစ်သို့ ကူးပြောင်းလာ၊ ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာမလဲ၊ စူပါမားကက် (ကုန်တိုက်ကြီးများ)နှင့် စတိုးဆိုင်ကြီးများသို့ ငွေအကြွေ(၁၀) သိန်းအထိ လဲလှယ်ပေးမည်၊ မိုဘိုင်းဖုန်းစစ်စစ်ကိုသာ ဝယ်ပါ၊ မိုဘိုင်းဖုန်းစစ်စစ်၏ ဈေးကွက်အတိအကျ၊ A(H1N1) ရောဂါ ပိုမိုဂရုစိုက်ရမည်၊ ယာယီပိတ်ထားသော ကျောင်းများသင်ကြားရေး မထိခိုက်ရန် ဆောင်ရွက်မည်၊ မြန်မာ့သင်္ဘောတဧရာဝတီ အနာတရဖြစ်နေပြီလော၊ အဝီစိတွင်း ရေဖြန့်ဖြူးမှု သုံးစွဲသူများ အခက်ကြုံ၊ ကိုကိုးကျွန်းတွင် လျှပ်စစ်ဓာတ်အားနှင့် ရေချိုထုတ်စက် အသုံးပြုတော့မည်၊ ရခိုင်ကမ်းလွန်ပင်လယ်ပြင် ရေနံလုပ်ကွက်များ သဘာဝဓာတ်ငွေ့ပိုက်လိုင်း စတင်နေပြီ၊ ကျေးလက်ဒေသများအတွက် စပါးခွံသုံးမီးဖိုရောင်းချတော့မည်၊ ငံပြာရည်ဇုန်မြေကွက်(၂၂၉)ကွက် လုပ်ငန်းရှင်များ ဝယ်ယူနေ၊ အိုင်ဒီယောလော်ဂျီခန်းခြောက်ရင် အိပ်မက်မမက်တတ်ဘူး၊ ယောကျ်ားလျှာ၊ မိန်းမလျှာ ဘာကြောင့်ဖြစ်ကြသလဲ၊ ဆရာဝန်၏ သိပ္ပံနည်းကျ ရေးသားချက်။

အမတ်ဖြစ်ချင်သူများအကြောင်း၊ အလောင်းမင်း တရားလက်ထက်က ရန်ကုန်မြို့၊ ဆရာဇင်ယော်နီ၏ ကံကောင်းလိုသူများအတွက် လိုက်ဖက်တဲ့ဂဏန်းများ။

လွမ်းမပြေကိုရီးယားဇာတ်လမ်းတွဲမှ လီဟန်နီရဲ့ ကလေးဘဝသရုပ်ဆောင်ကင်ဆိုအင် အသက် ၂၀ ပြည့်ပြီ၊ ကျောင်းဝတ်စုံများနှင့် ကိုရီးယားသရုပ်ဆောင်များ၊ တရုတ်စာ၊ တရုတ်စကား သင်ကြရအောင်၊ အိုဘားမား စီးပွားရေးကိုင်တွယ်ပုံ လူထုထောက်ခံမှုနည်းပါး၊ အမေရိကန်ကွန်နက်တီကပ်ပြည်နယ် ဓာတ်အားပေးစက်ရုံပေါက်ကွဲ၊ တောက်တဲ့က သစ်ကိုင်းယောင်ဆောင်၊ ပြင်သစ်သမ္မတရဲ့ ဖခင် ချွေးမပုံကို ပြပွဲတင်မည်၊ အမေရိကန်၊ ဗြိတိန်၊ အာဖဂန်တပ်ဖွဲ့များ အာဖဂန်စစ်ပွဲတွင် တာလီဘန်တို့ကို အကြီးအကျယ်ထိုးစစ်ဆင်တော့မည်၊ ကမ္ဘာ့နိုင်ငံရေး လောကမှ စောင့်ကြည့်ရမည့် ပုဂ္ဂိုလ်များနှင့်. . . News Watch (စောင့်ကြည့်) ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်း ကြိုးမဲ့နှင့်ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၅)ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး မောင်မောင်သက်နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းကြိုပို့ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၃-၂-၂၀၁၀ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **-လပြည့်ညရဲ့စိန်ခေါ်သံ အပိုင်း (၂၃)**
- ၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ပြောတိုင်းယုံတဲ့ပုတ်သင်ညို လူမင်း၊ နန္ဒာလှိုင် [ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)]**
- ၁း၃၀ ၆။ ကျန်းမာသုတ
- ၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၈)**
- ၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
- ၃း၀၀ ၉။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၂။ စားဖိုဆောင်ချစ်သူ
- ၆း၄၅ ၁၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှလုံးသားမှတ်တမ်း (အပိုင်း-၁၈)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အင်္ဂလိပ်စာသုတ
- ၂၀။ လူရွှင်တော်စတား
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြည်နူးဖွယ်ရာ ပျိုကညာ (အပိုင်း-၁၁)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

❀ **ရှေ့ဖုံးမှ**

ဒုတိယဉက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၊ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**တည်ခင်းဧည့်ခံ**

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဉက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ရဲချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲမကျင်းပမီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့က ပဏာမဧည့်ခံတီးလုံးဖြင့်လည်းကောင်း၊ မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

**ဖျော်ဖြေတင်ဆက်**

ညစာစားပွဲအပြီးတွင် နေပြည်တော်မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ကချင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က “ပြည်ထောင်စုရဲ့အဓိဋ္ဌာန်” ရိုးရာအက ၊ ကယားပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က “ပြည်ထောင်စုရဲ့ သွေးချင်းများ” ရိုးရာအက၊ ကရင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က “နိုင်ငံသစ်ဆီ ဒို့လှမ်းချီ” ရိုးရာအက၊ ချင်းပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့က “ပြည်ထောင်စုပန်းတိုင်” ရိုးရာအက၊ စစ်ကိုင်းတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့က “လှသောဌာနေဇေယျာရွှေမြေ”ရိုးရာအက၊ တနင်္သာရီတိုင်းမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က “ပြည်ထောင်စုနေ့ သမိုင်းသစ်အောင်ပွဲ” ရိုးရာ အက၊ ပဲခူးတိုင်းမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က “ဂန္ထဝင်အလှသစ္စာ” ရိုးရာ အက၊ မကွေးတိုင်းမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က “စည်းလုံးချစ်ကြည် လက်တွဲညီ” ရိုးရာအက၊ မန္တလေးတိုင်းမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က “ညီညာစေ”ရိုးရာအက၊ မွန်ပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က “ရာမည အလှယိမ်းအက” ရိုးရာအက၊ရခိုင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က “ဖွံ့ဖြိုးဝေဝေ ရခိုင်ပြည်နယ်” ရိုးရာအက၊ ရန်ကုန်တိုင်းမှ တိုင်းရင်းသားရိုးရာယဉ်ကျေး မှုအဖွဲ့က “ပြည်ထောင်စု၏ ထာဝရအလှများ” ရိုးရာအက၊ ရှမ်းပြည်နယ်မှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့က “စည်းလုံးညီညီရှေ့သို့ချီ” ရိုးရာအကနှင့် ဧရာဝတီတိုင်းမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က “ဒို့ပြည်ထောင်စု ပန်းချီ” ရိုးရာအကတို့ဖြင့် ဧည့်ခံ ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)



**၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား တွေ့ရစဉ်။**

(အပေါ်ပုံ နှင့် အောက်ပုံ) (သတင်းစဉ်)



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃-၂-၂၀၁၀ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်) |
| ၇း၅၀ | ၅။ | တေးသရုပ်ဖော်အစီအစဉ် |
| ၈း၀၀ | ၆။ | ကဗျာပန်းဥယျာဉ် |
| ၈း၁၀ | ၇။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၂၀ | ၈။ | အတီးပြိုင်ပွဲ |
| ၈း၃၀ | ၉။ | “စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း)” |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | ၃။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၁း၅၀ | ၄။ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၂း၄၀ | ၅။ | Yan Can Cook |
| ၁း၀၀ | ၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ “ဟာသကမ္ဘာ”(အပိုင်း-၇၁)** |
| ၂း၀၀ | ၇။ | “ကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး” |
| ၂း၂၀ | ၈။ | ငွေသောင်ယံကမ်းအလှပန်းချီ ချောင်းသာဆီ |
| ၂း၃၀ | ၉။ | “ရိုးသားစွာ ကြိုးစားပါ” |
| ၂း၅၅ | ၁၀။ | International News |
| ၃း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၀ | ၃။ | အတီးပြိုင်ပွဲ |
| ၄း၃၀ | ၄။ | “ဝါသီးကရွှေသီးဖြစ်ပြီ” |
| ၅း၀၀ | ၅။ | (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် |
| ၅း၁၀ | ၆။ | ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(စိတ်ကြိုက်မြန်မာစာ ဘာသာရပ်) |
| ၅း၃၅ | ၇။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၅း၄၅ | ၈။ | ရုပ်မြင်ရသတေးစုကဏ္ဍ |
| ၆း၀၀ | ၉။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၁။ | အလှရှာမယ်လှကမ္ဘာဝယ် |
| ၆း၅၀ | ၁၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ “တော်ဝင်နှလုံးသား” (အပိုင်း-၁၁)** |
| ၇း၄၀ | ၁၃။ | “ပြည်ထောင်စုစိတ်ဓာတ် မပြတ် ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ” (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု) |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | **ကာတွန်းအစီအစဉ် “ဒိုင်နိုဆောမိသားစု စွန့်စားခန်း”(အပိုင်း-၈၄) (ဇာတ်သိမ်းပိုင်း)** |
| | ၁၈။ | **နိုင်ငံခြားဇာတ်လမ်းတွဲ “ရွှေဖူးစာလည်” (အပိုင်း-၆)** |
| | ၁၉။ | ဂီတတံခါးလေးဖွင့်ပါဦး |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

## မြောက်ပိုင်းစွန်းဒေသများ မိုးအနည်းငယ်ရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည် နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန် တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်တွင် ဖေဖော် ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့် သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် သုည ဒီဂရီစင်တီ ဂရိတ်၊ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ လားရှိုးမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ် အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**ဖေဖော်ရီဝါ ၁၃ ရက် ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ် နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်သာရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

**ဖေဖော်ဝါရီ ဒုတိယ ရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။** ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် သာယာမည်။

## A(H1N1) ပိုးရှိသူ လူနာများ ထပ်မံတွေ့ရှိ

## ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရန် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ဖေဖော်ဝါရီ ၉ ရက်က တုပ်ကွေး ဖြစ်ပွားသူများရှိကြောင်း သတင်းရရှိသဖြင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ရာ တုပ်ကွေးရောဂါလက္ခဏာရှိသူ ၁၁ ဦး အား တွေ့ရှိခဲ့သည်။ ၎င်းတို့အနက်မှ အမျိုးသားငါးဦး၏ ဓာတ်ခွဲနမူနာများကို ဖေဖော် ဝါရီ ၁၁ ရက်တွင် ဓာတ်ခွဲစစ်ဆေးခဲ့ရာ ဓာတ်ခွဲနမူနာငါးခုစလုံးတွင် New Influenza A(H1N1) ပိုးတွေ့ရှိခဲ့သည်။ ပိုးတွေ့ရှိသူများအား ကျောက်မဲပြည်သူ့ဆေးရုံ၌ သီးခြားခွဲခြားထားရှိကာ ဆေးကုသမှုပေးလျက်ရှိပြီး လူနာနှင့် အနီးကပ်ထိတွေ့သူများ အား အိမ်တွင်ပင် စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။ ဖေဖော်ဝါရီ ၉ ရက်က ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်၌ ရောဂါပိုးရှိသူ လေးဦးတွေ့ရှိကြောင်း သတင်းဖော်ပြခဲ့ပြီးဖြစ်သည်။ ဖေဖော်ဝါရီ ၁၁ ရက်တွင် နောက်ထပ် New Influenza A(H1N1) ပိုးရှိလူနာ တစ်ဦး ထပ်မံတွေ့ရှိရသည်။ ယင်းပိုးရှိ အတည်ပြုလူနာများနှင့် ဆက်စပ်နေအိမ်များမှ မိသားစုဝင် များအား သီးခြားခွဲခြားထားရှိခြင်း (Quarantine)ပြုလုပ်လျက် ရောဂါစောင့်ကြပ်ကြည့်ရှု ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဖြစ်ပွားခဲ့ပြီး ဆေးရုံ၌ အတွင်း လူနာအဖြစ် ကုသပေးနေသော ပိုးရှိလူနာနှင့် သံသယလူနာ စုစုပေါင်း ၄၇ ဦး၏အခြေ အနေမှာ ကောင်းမွန်လျက်ရှိပြီး သေဆုံးသူမရှိကြောင်း၊ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့မှ ပညာရှင်များသည် ဒေသဆိုင်ရာအာဏာပိုင် များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင် များပူးပေါင်း၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက် ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ် ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ (သတင်းစဉ်)

☆ **ကျောဖုံးမှ**

မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်(၅)ရပ်နှင့်အညီ အနှစ်သာရ ပြည့်ဝစွာ ကျင်းပသည့် ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော် အလံ အလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမဥပစာရင်ပြင်၌ ကျင်းပရာ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ ပြည်ထောင်စုမြန်မာ နိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၀ ခုနှစ် (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ နေပြည်တော် မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ရုံးအဖွဲ့မှူးများ၊နေပြည်တော်ခရိုင်၊ နေပြည်တော်ပျဉ်းမနားမြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးမှူးများ၊ ပြည်နယ်နှင့်တိုင်းများမှ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ တပ်နယ်မိသားစုများ၊ နေပြည်တော်ရှိ ခရိုင်နှင့် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်များမှ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ စုစုပေါင်း အင်အား ၂၆၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်ကြမည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများသည် နံနက် ၅ နာရီမှ စတင်၍ စုရပ်အသီးသီးတို့မှ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမဥပစာရင်ပြင်ရှိ သတ်မှတ်နေရာများသို့ စနစ်တကျ ဝင်ရောက်နေရာယူကြသည်။





**ကျင်းပ**

**၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင်အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပစဉ်။** (ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)



**၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံးအဆောက်အအုံများ၊ မြို့တော်ခန်းမ၊ လမ်းဆုံအဝိုင်းများ၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများတွင် ရောင်စုံမီးများကို လှပစွာ ထွန်းညှိထားကြစဉ်။** (သတင်းစဉ်)

**လွှင့်တင်**

ထို့နောက် နံနက် ၅ နာရီခွဲတွင် ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား လွှင့်တင်သည်။

**နေရာယူ**

ဆက်လက်၍ နံနက် ၇ နာရီတွင် ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

**တီးမှုတ်**

ယင်းနောက် ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အတွင်းရေးမှူး(၁)နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

**ဖတ်ကြား**

ယင်းနောက် ပြည်ထောင်စုမြန်မာ နိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။





**၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

**ထွန်းညှိ**

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံးအဆောက်အအုံများ၊ မြို့တော်ခန်းမ၊ လမ်းဆုံအဝိုင်းများ၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများတွင် ရောင်စုံမီးများကို လှပစွာ ထွန်းညှိထားကြသည်။ (သတင်းစဉ်)

# ၂၀၁၀ ခုနှစ် (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော် အလံ အလေးပြုပွဲ အခမ်းအနား ကျင်းပ



၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)



## တက်ရောက်

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများအား တွေ့ရစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

## ရောင်စုံ မီးများ ထွန်းညှိထား

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံး အဆောက်အအုံများ၊ မြို့တော်ခန်းမ၊ လမ်းဆုံ အဝိုင်းများ၊ ကျောင်းများနှင့် ဝန်ထမ်း အိမ်ရာ အဆောက်အအုံများတွင် ရောင်စုံ မီးများကို လှပစွာ ထွန်းညှိထားကြစဉ်။
(သတင်း-ကျော်ဖုံး) (သတင်းစဉ်)



## နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာနနှင့် Htoo Group of Companies၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co,. Ltd. တို့ ပူးပေါင်း၍ ရန်ကုန် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နှစ်ဖက် နားလည်မှုစာချွန်လွှာ (Memorandum of Understanding) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ရွှေနေချုပ်ဦးအေးမောင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ Htoo Group of Companies ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co,. Ltd. President နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး Htoo Group of Companies ဥက္ကဋ္ဌ ဦးတေဇနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co,. Ltd. President မစ္စတာယွမ်ရှန်းဟွာ (Mr.Yuan Xianghua)တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုး၊ Htoo Group of Companies ဥက္ကဋ္ဌနှင့် Huaneng Lancang River Hydropower Co,. Ltd. President တို့က နှစ်ဖက်နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံကိန်း ဦးစီးဌာနနှင့် Htoo Group of Companies၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co,. Ltd. တို့ ပူးပေါင်း၍ ရန်ကုန် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် နှစ်ဖက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

## စီးပွားရေးဆိုင်ရာ ဒီပလိုမာသင်တန်းများဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

Noble Nine Education က Level-3 ဒီပလိုမာအဆင့် စီးပွားရေးဆိုင်ရာ Marketing, Management, Accounting နှင့် Administration ဘာသာရပ်များကို မတ် ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းပြီးဆုံးပါက ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်း သာလွန်ကောင်းမွန်သော Level-3 အဆင့် ဒီပလိုမာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး၊ ၂၀၀၉ခုနှစ်နောက်ပိုင်း အများစုစိတ်ပါဝင်စားသည့် Investigating Business Resources, Working in Administration, Projects, Management Accounting, Human Resource Management, Managing a Business Event, Exploring Team Development, Internet and e-Business, Health and Safety in the Workplace, Business Ethics, International Business, Computer Applications for Financial Management စသည့်ဘာသာရပ်များ ပါဝင်သည့်Unit-18ခုဖြင့်သင်ကြားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် အခြေခံပညာ အထက်တန်းအဆင့်နှင့် တက္ကသိုလ်၊ ကောလိပ်တက်ရောက်နေသူများပါ လျှောက်ထားနိုင်မည်ဖြစ်ပြီး၊ ယခုဖွင့်လှစ်မည့် သင်တန်းကို သင်တန်းကြေး ၂၀ ရာခိုင်နှုန်းလျှော့၍ လက်ခံပေးမည်ဖြစ်သည်။ သက်ဆိုင်ရာ ဘာသာရပ်တစ်ခုလျှင် သင်တန်းသား ၁၀ဦးသာ လက်ခံမည်ဖြစ်ပြီး တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန်ပြင်ပတွင် သင်ကြားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက အမှတ်(၇)၊ ဝတ်ကျောင်းလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၆၉၁၅၊ ၀၁-၇၃၀၀၂၉၆၆ နှင့် ၀၁-၇၃၀၁၃၂၀၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

# ဖွံ့ဖြိုးတိုးတက်မှုအလုပန်းများ ပွင့်လန်းဝေဖြာနေသော ပြည်ထောင်စုဥယျာဉ်အတွင်းမှ ရှမ်းပြည်နယ်မြင်ကွင်း


သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ
လေးနွယ် (မင်္ဂလာဒုံ)
အဆင်အပြင် - ခိုင်သန္တာရွှေ


**ဒုဋ္ဌဝတီတံတား (နောင်ချို)**

**ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် တည်ဆောက်ထားသော ဒုဋ္ဌဝတီတံတား (နောင်ချို) ကြောင့် ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးကို ထိရောက်စွာ အကျိုးပြုလျက်ရှိနေသည်။**

မြူနှင်းများ ဝေဆိုင်းနေသော ရှမ်းရိုးမတောင်တန်း။ ကြည့်လေတိုင်း ရင်သပ်ရှုမောဖွယ်ရာ မြင်ကွင်းများ။ အေးမြသောရာသီဥတုပါ ပေါင်းစပ်ထားသဖြင့် ရှမ်းတောင်တန်းများဆီသို့ သွားရောက်ရန် စိတ်အား ထက်သန်နေခဲ့မိသည်။ အခွင့်သင့်လျှင် ရှမ်းပြည်နယ်သို့ အရောက်သွားကာ လေ့လာလိုစိတ်ဖြစ်ခဲ့သည်။ ယခုတော့ ပြည်ထောင်စုဥယျာဉ်အတွင်းမှ ဖွံ့ဖြိုးတိုးတက်မှုအလှများဖြင့် ဝေဖြာနေသော ရှမ်းပြည်နယ်မြင်ကွင်းများကို ကြည့်ရှုလေ့လာရန် အခွင့်သာခဲ့လေပြီ။

ဆောင်းနှင်းများဝေနေသည့် ဇန်နဝါရီလလယ်၌ ရှမ်းပြည်နယ်သို့ ခရီးထွက်ဖြစ်ခဲ့သည်။ အေးစိမ့်နေသော ဆောင်းလေက မော်တော်ယာဉ်အတွင်း တိုးဝင်မှုကြောင့် အနွေးထည်ဝတ်ထားသော်လည်း အအေးဓာတ်ကို မကာကွယ်နိုင်။ ရုပ်မြင်သံကြားနှင့် လေအေးစက်များ အပြည့်တပ်ဆင်ထားသော မော်တော်ယာဉ်ဖြင့် စိတ်အေးချမ်းသာစွာ စီးလာကြသူများကိုကြည့်ရင်း လမ်းပန်းဆက်သွယ်ရေး ချောမွေ့လာမှုကြောင့် ခရီးသွားလာရေး အဆင်ပြေလွယ်ကူလာမှုကို သတိပြုမိသည်။

ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးရေးပန်းများကို နိုင်ငံတော်က အလှဆင်မြန်းရာတွင် ရှမ်းတောင်တန်းကြီးများနှင့် လှပနေသော ရှမ်းပြည်နယ်သည်လည်း မကျန်ရစ်ခဲ့ချေ။ စိမ်းညို့နေသော ရှမ်းတောင်တန်းများပေါ်တွင် ငြိမ်းချမ်းရေးတေးသံများ စည်ဝေလာမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အလင်းရောင်များလည်း တောက်ပလာစေခဲ့ပြီဟု တွေးနေမိသည်။ တောင်ဆင်း၊ တောင်တက် ကွေ့ဝိုက်စွာ ဖောက်လုပ်ထားသော ကားလမ်းအတိုင်း ဖြည်းဖြည်းချင်း မောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်လိုက်ပါရင်း ဘေးချင်းယှဉ်လျက် ထိုင်ခုံတွင် လိုက်ပါလာသော ရှမ်းပြည်နယ်မှ စီမံကိန်းအင်ဂျင်နီယာဦးစိုင်းတစ်နှင့် စကားလက်ဆုံကျခဲ့သည်။

**မေး ။ ။** ရှမ်းပြည်နယ်အတွင်းမှာ သွားလာရေး အတော်လေးအဆင်ပြေနေပြီနော်၊ မရောက်တာကြာလို့လား မသိဘူး။ လမ်းပန်းဆက်သွယ်ရေး ပိုပြီးကောင်းလာတယ်။

**ဖြေ ။ ။** ဟုတ်တယ်လေ။ အများကြီးတိုးတက်လာတာပေါ့။ ၁၉၈၈ ခုနှစ်တုန်းက ရှမ်းပြည်နယ်မှာ ကားလမ်း အရှည် မိုင် ၃၉၅၀ ပဲ ရှိခဲ့တာ။ အခုဆိုရင် ၇၈၇၇ မိုင်အထိရှိလာပြီ။ ရထားလမ်းဆိုရင်လည်း ၁၉၈၈ ခုနှစ်က ၁၆၉ ဒသမ လေးမိုင်ပဲ ရှိတာက အခုဆိုရင် ရထားလမ်းမိုင် ၄၉၆ ဒသမ ၅၉ မိုင်အထိ ရှိလာတယ်။ အခုလက်ရှိ ဖောက်လုပ်နေတဲ့ ၂၃၆ မိုင်ရှည်တဲ့ နမ့်စန်-ကျိုင်းတုံ ရထားလမ်း ပြီးသွားရင် ရှမ်းပြည်နယ်အတွင်း ပိုပြီးသွားလာရေး အဆင်ပြေလာဦးမှာပါ။

**မေး ။ ။** ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ပေ ၁၈၀ အထက် တံတားတွေလည်း အသစ် တည်ဆောက်ပေးတာတွေ ရှိတယ်နော်။

**ဖြေ ။ ။** မှန်တာပေါ့ဗျာ။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ၁၉၈၈ ခုနှစ်က ပေ ၁၈၀ အထက်တံတား ၁၀ စင်းပဲရှိခဲ့တာ အခုဆိုရင် ၁၄ စင်းအထိ တည်ဆောက်ပေးနိုင်ခဲ့ပြီ။ အဲဒီတံတားတွေကတော့ နမ့်စန် - မိုးနဲ - မိုင်းတုံ - မိုင်းဆတ်လမ်းပေါ်မှာရှိပြီး အရှည်ပေ ၉၀၀ ရှိတဲ့ တာဆန်းတံတား၊ လဲချား - မိုင်းနောင်-မိုင်းရှူး-မိုင်းကောင် လမ်းပေါ်မှာ ဆောက်လုပ်ထားတဲ့ မတ်လန်းတံတား၊ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်မှာရှိတဲ့ လင်းခေးတံတား၊ လွိုင်လင်-ပန်ကေတု-သီပေါလမ်းပေါ်မှာရှိတဲ့ ဆားတောတံတားတွေပေါ့၊ အသစ်တည်ဆောက်နေတဲ့ ပျဉ်းမနား-ပင်လောင်းလမ်းပေါ်က ပေ ၁၇၆၀ ရှည်တဲ့ လိန်းလီတံတားကလည်း ၂၀၁၀ ခုနှစ်အတွင်း တည်ဆောက် ပြီးစီးတော့မှာ ဆိုတော့






## နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)

**ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)ကို တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားရင်သွေးငယ်များ ခေတ်မီပညာရပ်များကို သင်ကြားတတ်မြောက်နိုင်ကြပြီ ဖြစ်သည်။**

ရှမ်းပြည်နယ် (တောင်ပိုင်း)က ဒေသခံတိုင်းရင်းသားတွေ နေပြည်တော်အထိ လွယ်လင့်တကူ ခရီးသွားနိုင်ပြီလေ။ ဘယ်လောက် ဝမ်းသာစရာကောင်းသလဲ။ နေပြည်တော်က တစ်ဆင့် ပြည်ထောင်စုတစ်ဝန်း ကြိုက်တဲ့နေရာ သွားပါလေ့ဗျာ။

**မေး ။ ။** ဒါထက် ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ အထူးဖွံ့ဖြိုးရေးဒေသကြီးအဖြစ် သတ်မှတ်ထားတာရှိတယ်နော်။ အဲဒီဒေသတွေမှာကော ဖွံ့ဖြိုးတိုးတက်မှုတွေ ရှိလာရဲ့လား။

**ဖြေ ။ ။** ရှိပါပြီကောဗျာ။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ တောင်ကြီးနဲ့ လွိုင်လင်ဒေသတွေက အထူးဖွံ့ဖြိုးရေး ဒေသတွေအဖြစ် သတ်မှတ်ထားတာပေါ့။ ၁၉၈၈ မတိုင်မီက ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ နည်းပညာတက္ကသိုလ်ဆိုတာ မရှိခဲ့ဘူး။ အခုတော့ အေးသာယာမြို့သစ်မှာ နည်းပညာတက္ကသိုလ် (တောင်ကြီး) အဖြစ် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှာ ဖွင့်လှစ်နိုင်ခဲ့သလို နည်းပညာတက္ကသိုလ်ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီလေ။ ဒီလို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့လို့ ဒေသခံ တိုင်းရင်းသားလူငယ်ပညာရှင်တွေ နှစ်စဉ်မွေးထုတ်ပေးနေနိုင်တာပေါ့။ အဲဒီလူငယ်ပညာရှင်တွေက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဖော်ဆောင်နေကြပါပြီ။ တကယ်တော့ နိုင်ငံတော်တစ်ဝန်း အထူးဖွံ့ဖြိုးရေး ဒေသကြီး (၂၄) ခုမှာ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တစ်ခု၊ ကွန်ပျူတာတက္ကသိုလ်တစ်ခု၊ နည်းပညာတက္ကသိုလ်တစ်ခုနဲ့ ခုတင် (၂၀၀) ဆံ့ အထူးကုဆေးရုံကြီး တစ်ခုစီကို နိုင်ငံတော်က တည်ဆောက်ပေးထားပြီးဖြစ်ပါတယ်။

စကားကောင်းနေစဉ် တောင်ကြီးမြို့ အဝင်ရောက်ရှိလာသည်။ တောင်ကြီးမြို့ဝန်းကျင်တွင် သီးနှံမျိုးစုံစိုက်ပျိုးမှုကို တွေ့ရသည်။ မြေပြန့်ဒေသတွင်သာမက တောင်ကုန်း၊ တောင်ခြေမကျန် စိုက်ပျိုးမြေချဲ့ထွင်နိုင်မှုကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၁၉၈၈ ခုနှစ်က စိုက်ပျိုးမြေ ၆၄၁၄၅၉ ဧကသာရှိခဲ့ရာမှ ယခုအချိန်၌ စိုက်ပျိုးမြေ ၁၃၉၉၆၆၈ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်နေပြီဖြစ်သည်။ ထို့အပြင် ၁၉၈၈ ခုနှစ်က ဆေးရုံ ၃၆ ရုံသာရှိခဲ့ရာမှ ယခုအခါ ဆေးရုံပေါင်း ၅၈ ရုံအထိ တိုးချဲ့ဖွင့်လှစ်ကာ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ တောင်ကြီးမြို့တွင်း ရောက်ရှိခဲ့ရာ ကျောင်းဆင်းချိန်ကြုံသဖြင့် အဖြူအစိမ်းဝတ် ကျောင်းသား၊ ကျောင်းသူများကို မြင်တွေ့ရသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ၁၉၈၈ ခုနှစ်က အခြေခံပညာကျောင်း ၁၉၃၀ သာရှိခဲ့ရာမှ ယခုအခါ ကျောင်းပေါင်း ၂၇၈၃ ကျောင်းအထိ ရှိလာကြောင်း သိခဲ့ရသည်။ ထို့အတူ ဆည်တမံ တည်ဆောက်ပေးနိုင်မှု အပိုင်းတွင် ၁၉၈၈ ခုနှစ်က ဆည်တမံ ၁၆ ခုသာရှိခဲ့ရာမှ ယခုအခါ ဆည်တမံ ၂၃ ခုအထိ ရှိလာပြီဖြစ်သည်။ မြို့ကြီးရေလှောင်တမံ စီမံကိန်းမှာ ဆောင်ရွက်ဆဲဖြစ်ပြီး တည်ဆောက်ပြီးစီးပါက စိုက်ပျိုးမြေဧက ၃၀၀၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဖွံ့ဖြိုးတိုးတက်မှုများ လိုက်လံလေ့လာခဲ့ရာ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို နေရာတိုင်း၌ မြင်တွေ့ခဲ့ရသည်။ ဒေသခံ တိုင်းရင်းသားပြည်သူများ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳



**ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် တည်ဆောက်ထားသော ဘုရားကုန်းရေလှောင်တမံကလည်း ဧကရာပေါင်းများစွာကို စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်နေပြီ ဖြစ်သည်။**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မိုက္ကရိုဝေ့ဗ်စခန်းနှင့် ဂျီအက်စ်အမ် ရေဒီယိုစခန်းကို ဤသို့တည်ဆောက်ပေးနိုင်မှုကြောင့် ဒေသခံပြည်သူများ အချိန်မရွေး ဆက်သွယ်ပြောဆိုနိုင်ကြပြီဖြစ်သည်။

# ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၁၉၈၈ | ၂၀၀၉ | တိုးတက်မှု |
|---|---|---|---|---|---|
| ၁ | ဆည်တမံ | ခု | ၃၈၃ | ၅၂၂ | ၁၃၉ |
| ၂ | မြစ်ရေတင်လုပ်ငန်း | ခု | - | ၇ | ၇ |
| ၃ | ကြိုးဝိုင်းတော | စတုရန်းမိုင် | ၂၁၉၂. ၉၆ | ၉၈၄၇. ၄၀ | ၇၆၅၄. ၄၄ |
| ၄ | ကြိုးပြင်ကာကွယ်တော | စတုရန်းမိုင် | - | ၆၀၂. ၂၇၂ | ၆၀၂. ၂၇၂ |
| ၅ | ရထားလမ်း | မိုင် | ၁၈၀. ၃၈ | ၄၉၆. ၅၉ | ၃၁၆. ၂၁ |
| ၆ | ကားလမ်း | မိုင် | ၃၅၉၆. ၇ | ၇၈၇၇ | ၄၂၈၀. ၃ |
| ၇ | ပေ ၁၈၀ အထက်တံတား | စင်း | ၂၈ | ၄၅ | ၁၇ |
| ၈ | စာတိုက်စခန်း | ခု | ၈၈ | ၁၆၂ | ၇၄ |
| ၉ | ကြေးနန်းရုံး | ရုံး | ၃၁ | ၈၉ | ၅၈ |
| ၁၀ | တယ်လီဖုန်းရုံး | ရုံး | ၂၇ | ၁၂၈ | ၁၀၁ |
| ၁၁ | မိုက္ကရိုဝေ့ဗ်စခန်း | ခု | - | ၄၄ | ၄၄ |
| ၁၂ | ရေအားလျှပ်စစ်စက်ရုံ | ရုံ | ၂ | ၁၅ | ၁၃ |
| ၁၃ | အခြေခံပညာကျောင်း | ကျောင်း | ၃၆၅၂ | ၅၀၂၂ | ၁၃၇၀ |
| ၁၄ | တက္ကသိုလ်၊ ကောလိပ် | ခု | ၂ | ၅ | ၃ |
| ၁၅ | နည်းပညာတက္ကသိုလ်၊ ကောလိပ် | ခု | - | ၄ | ၄ |
| ၁၆ | ကွန်ပျူတာတက္ကသိုလ် | ခု | - | ၄ | ၄ |
| ၁၇ | ဆေးရုံများ | ရုံ | ၈၆ | ၁၄၄ | ၅၈ |

✳ စာမျက်နှာ ၆ မှ

စိတ်အေးချမ်းသာစွာ ရောင်းဝယ် ဖောက်ကား သွားလာနေကြသည်မှာ ကြည်နူးဖွယ်ရာပင်။

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းများကို ဝမ်းသာစွာ သိရှိခဲ့ရသည်။ **စိုက်ပျိုးမြေ ဧက ၃၀၀၀၀ ကို အကျိုးပြုနိုင်မည့် ရွာငံမြို့နယ်အတွင်း တည်ဆောက်မည့် မြို့ကြီးရေလှောင်တမံစီမံကိန်း၊ ရပ်စောက်မြို့နယ်တွင် တည်ဆောက်မည့် ကျိုင်းခမ်းရေလှောင်တမံစီမံကိန်း၊ ဧက ၁၅၀၀ ကို အကျိုးပြုနိုင်မည့် နမ့်စန်မြို့နယ်ရှိ မလန်းခမ်းဆည်၊ ဧက ၄၇၀ ကို အကျိုးပြုမည့် မောက်မယ်မြို့နယ်ရှိ နမ်လရေလွှဲဆည်၊ ဧက ၇၀၀ ကို အကျိုးပြုနိုင်မည့် တောင်ကြီးမြို့နယ်ရှိ ထီဗွာရေလှောင်တမံတို့ပါ တည်ဆောက်ပြီးစီးခဲ့လျှင် စိုက်ပျိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ပေတော့မည်။ တစ်ဖန် ပင်လောင်းမြို့နယ်တွင် ပေ ၁၈၀ အထက် တံတားတစ်စင်းဖြစ်သော လိန်းလီတံတား တည်ဆောက်လျက်ရှိပြီး အရှည် ၂၂၆ မိုင်ရှိသည့် မိုးနဲ-ကျိုင်းတုံရထားလမ်းလည်း ဖောက်လုပ်နေပြီကို တွေ့မြင်ခဲ့ရသည်။ ထို့အပြင် ဓာတ်အားပေးရေး စီမံကိန်းများအဖြစ် မိုင်းပန်မြို့နယ်တွင် မဂ္ဂါဝပ် ၇၁၁၀ ထုတ်ပေးနိုင်သည့် တာဆန်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ၅၁ မဂ္ဂါဝပ် ထုတ်ပေးနိုင်သော အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းများကို တည်ဆောက်နေပြီဖြစ်ရာ ဒေသခံ တိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးတိုးတက်မှု အလှတရားများ ပိုမိုဝေဖြာလာတော့မည်မှာ အသေအချာပင် ဖြစ်သည်။**

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ လေယာဉ်ခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။ တောင်ကြီး-ကျိုင်းတုံလေယာဉ်ခရီးစဉ်အတွက် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိစဉ် ကမ္ဘာလှည့်ခရီး သွားအုပ်စုများကိုတွေ့ရသည်။ တည်ငြိမ်အေးချမ်းနေသဖြင့် ပွင့်လင်းရာသီတွင် ခရီးသွားဧည့်သည်များပြားစွာ ရောက်ရှိသွားလာနေခြင်းဖြစ်သည်။ ဟဲဟိုး-ကျိုင်းတုံ လေယာဉ်ခရီးစဉ်မှာ ၄၅ မိနစ်ခန့်သာကြာမြင့်သည်။ ကျိုင်းတုံလေဆိပ် ခန်းမအတွင်း ခေတ္တထိုင်နေစဉ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့မှ ဦးခမ်းတောင်းနှင့် စကားလက်ဆုံကျပြီး သိလိုသည့်အချက်များကို မေးမြန်းဖြစ်ခဲ့သည်။

**မေး ။ ။** ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှာ အထူးဖွံ့ဖြိုးရေးဒေသ သတ်မှတ်ထားတယ်နော်။ အဲဒီဒေသမှာ ဖွံ့ဖြိုးတိုးတက်မှုတွေရှိရဲ့လား။

**ဖြေ ။ ။** ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှာ အထူးဖွံ့ဖြိုးရေးဒေသ သတ်မှတ်ထားတာကတော့ ကျိုင်းတုံပေါ့။ ကျိုင်းတုံမှာ တက္ကသိုလ်တစ်ခု၊ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ) တစ်ခုနဲ့ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီလေ။ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)ကို ဖွင့်လှစ်ခဲ့တဲ့ ၂၀၀၁ ခုနှစ်ကနေ ဒီနေ့အထိ ဘွဲ့ရအတတ်ပညာရှင် တိုင်းရင်းသားလူငယ် ၆၁၇ ဦး မွေးထုတ်ပေးနိုင်ခဲ့သလို ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)ကလည်း စတင်ဖွင့်လှစ်ခဲ့တဲ့ ၂၀၀၁ ခုနှစ်ကစလို့ အခုအချိန်အထိ ဘွဲ့ရပညာတတ် လူငယ် ၅၃၃ ဦးကို သင်ကြား မွေးထုတ်ပေးနိုင်ခဲ့ပြီပေါ့။ အခြေခံပညာ ကျောင်းဆိုရင်လည်း ၁၉၈၈ ခုနှစ်က ၃၅၅ ကျောင်းသာ ရှိခဲ့ရာက ၂၀၁၀ ခုနှစ်မှာ ၅၇၂ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့တယ်လေ။ ဆေးရုံဆိုရင်လည်း ကျိုင်းတုံဆေးရုံသစ်ကြီး အပါအဝင် ဆေးရုံ ၂၆ ရုံ အထိတိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့လို့ ဒေသခံတိုင်းရင်းသားပြည်သူတွေအတွက် ပညာရေးနဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးနိုင်နေပြီပေါ့။ ဒါဟာ နိုင်ငံတော်ရဲ့ ကျေးဇူးတွေပါပဲ။

**မေး ။ ။** ဒီလိုဆိုရင် ကောင်းတာပေါ့ဗျာ။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍရော တိုးတက် ဖြစ်ထွန်းမှုတွေရှိရဲ့လား။

**ဖြေ ။ ။** ရှိတာပေါ့ဗျာ။ ကျိုင်းတုံ-တာချီလိတ်ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ ပြည်ထောင်စု ကားလမ်းဟာ အရှည်မိုင် ၂၀၀ ကျော်ရှိပြီး ရာသီမရွေး သွားလာ အသုံးပြုနိုင်နေပြီလေ။ ပေ ၁၈၀ အထက် တံတားတွေဆိုရင်လည်း ၁၉၈၈ ခုနှစ်က လေးစင်းပဲရှိခဲ့ပေမယ့် အခုဆိုရင် တံတား ၁၀ စင်းအထိတိုးတက် ဆောက်လုပ်ပေးနိုင်ခဲ့ပြီ။ ရထားလမ်းအသစ်ဖောက်လုပ်မှု အပိုင်းဆိုရင်လည်း ၂၂၆ မိုင် ရှည်တဲ့ မိုးနဲ-ကျိုင်းတုံရထားလမ်းကို ဖောက်လုပ်နေပြီဆိုတော့ ဒေသခံတိုင်းရင်းသားပြည်သူတွေ ခရီးသွားလာရေးအတွက် အရင်ကလို အခက်အခဲမရှိတော့ဘူးပေါ့ဗျာ။ နောက်ပြီး ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်လေယာဉ်ကွင်းတွေကိုလည်း အဆင့်မြှင့်တင်မှုတွေ ပြုလုပ်ပေးထားပြီး လေယာဉ်ပြေးလမ်း တိုးချဲ့ပေးမှုနဲ့ လေဆိပ်အဆောက်အအုံ၊ ခရီးသည် နားနေဆောင်တွေကအစ ပြင်ဆင်မွမ်းမံပေးထားတာဟာ အခုမြင်တွေ့ရတဲ့ အတိုင်းပါပဲ”။

ထို့နောက် ကျိုင်းတုံမြို့အတွင်းနှင့် အနီးဝန်းကျင်ဒေသကို လိုက်လံလေ့လာခဲ့သည်။ ခေတ်မီတိုက်တာ အိမ်ခြံမြေများနှင့် တစ်ဟုန်ထိုး ဖွံ့ဖြိုးလာသော ကျိုင်းတုံမြို့မြင်ကွင်း၊ ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ဟွေခါးရွာအနီး မြေဧက ၄၀ ဒသမ ၇၇ ဧကပေါ်တွင် တည်ဆောက်ထားသော ခုတင် (၂၀၀)ဆံ့ ကျိုင်းတုံဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပင်းတောက်ရွာအနီး တည်ဆောက်လျက်ရှိသည့် စိုက်ပျိုးမြေဧရိယာ ဧက ၂၀၀ ကျော်ကို ရေပေးဝေနိုင်မည့် ပင်းတောက်ရေလှောင်တမံ တည်ဆောက်နေမှု၊ ရှမ်းတောင်တန်းကို နောက်ခံပြု တည်ဆောက်ထားသည့် ကျိုင်းတုံတက္ကသိုလ်၊ ကျိုင်းတုံ-မိုင်းလားလမ်း ယန်းလှရွာအနီး မြေအကျယ်အဝန်း ၃၃ ဒသမ ၁၁ ဧကပေါ်တွင် တည်ဆောက်ထားပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်ကစတင်ကာ တက္ကသိုလ်အဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့သည့် ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့ အရှေ့ဘက် ငါးမိုင်ခန့်အကွာ လွယ်မွေလမ်း ဝမ်မိုင်ရွာအနီး မြေဧက ၃၈ ဒသမ ၃၈ ပေါ် တည်ဆောက်ထားသည့် နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)စသည်ဖြင့် ကျိုင်းတုံတစ်ခွင် လေ့လာမကုန်နိုင်အောင် ရှိခဲ့သည်။ ၁၉၈၈ ခုနှစ်က မိုက္ကရိုဝေ့ဗ် စခန်းမရှိခဲ့သော်လည်း ယခုအခါ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ မိုက္ကရိုဝေ့ဗ်စခန်း ၁၂ ခုအထိ တိုးတက်ဖွင့်လှစ်ခဲ့ပြီဖြစ်ရာ တာချီလိတ် မိုက္ကရိုဝေ့ဗ်စခန်းနှင့် ဂျီအက်စ်အမ် ရေဒီယိုစခန်းတို့ကိုလည်း သွားရောက်လေ့လာခဲ့သည်။ ဒေသခံတိုင်းရင်းသားပြည်သူများ နိုင်ငံတစ်ဝန်းသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ပြောဆိုနေမှုများကို အားပါးတရ တွေ့မြင်ခဲ့ရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳



ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် တည်ဆောက်ထားသည့် ဟူးမွန်ရေလှောင်တမံကြောင့် ရာသီမရွေးစိုက်ပျိုးမှု ဖြစ်ထွန်းရန် ရေပေးဝေနိုင်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် တည်ဆောက်ထားသော အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီးကလည်း ဒေသခံတိုင်းရင်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။



# (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက် (၅)ရပ်

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။



မြစ်ဖျားခံရာ မေခ၊ မလိခတစ်လျှောက်၌ ထရုံ၊ ရဝမ်၊ လီဆူ၊ မရူ၊ ဂျိန်းဖော စသည့် တိုင်းရင်းသားတို့ နေထိုင်ကြ၏။ ထိုမှအောက်သို့သက်လေသော် ဗန်းမော်၊ ကသာတစ်ဝိုက်မှစ၍ ရှမ်းနီ၊ ကဒူ၊ ကဏန်း တိုင်းရင်းသားများနေထိုင်သည့်ဒေသကို ဖြတ်သန်းစီးဆင်းရင်း ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဆင်းလာသော ရွှေလီမြစ်နှင့် ပေါင်းစုံသည်။ ခန္တီး၊ ရှမ်း၊ နာဂနှင့် ချင်းတိုင်းရင်းသားတို့ နေထိုင်ရာဒေသများကို ဖြတ်သန်းစီးဆင်းလာသည့် ဥရုချောင်းဖျားဒေသမှစတင်သော ချင်းတွင်းမြစ်သည် ဧရာဝတီနှင့် ပခုက္ကူအနီးတွင် ပေါင်းစုံသည်။

ထို့နောက် ဗမာတိုင်းရင်းသားအများစုနေထိုင်ရာ မြန်မာနိုင်ငံအလယ်ပိုင်းမှ မြစ်ဝကျွန်းပေါ်သို့ရောက်သော် ဗမာ၊ မွန်၊ ကရင် တိုင်းရင်းသားတို့၏ ဒေသများကိုဖြတ်ကာ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်လေသည်။ အလားတူပင် ရှမ်းတိုင်းရင်းသားတို့ထံမှ သံလွင်မြစ်ရေသည် ကရင်၊ မွန်တိုင်းရင်းသားတို့ထံ ရောက်ရှိကာ မုတ္တမပင်လယ်ကွေ့သို့ စီးဝင်သည်။ ချင်း၊ မြို၊ သက် တိုင်းရင်းသားတို့ထံမှ စီးဆင်းလာသော ကုလားတန်မြစ်၊ လေးမြို့မြစ်ရေများသည် ရခိုင်တိုင်းရင်းသားတို့ထံရောက်ရှိသွားသည်။ ရှမ်းပြည်နယ်အတွင်း၌ ကချင်၊ ပအိုဝ်း၊ ဓနု၊ တောင်သူ၊ ဝ၊ လားဟူ၊ အခါ စသော တိုင်းရင်းသားများစွာ နေထိုင်ကြသကဲ့သို့ ကချင်ပြည်နယ်အတွင်း၌လည်း ဂျိန်းဖော၊ မရူ၊ ရဝမ်၊ လီဆူ၊ ရှမ်းနီ၊ ကဒူ၊ ကဏန်း စသော တိုင်းရင်းသားများစွာ နေထိုင်ကြသည်။ ကရင်ပြည်နယ်အတွင်း၌လည်း မွန်၊ ပအိုဝ်း၊ ဗမာ၊ တိုင်းရင်းသားများ နေထိုင်ကြသကဲ့သို့ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းတို့အတွင်း၌လည်း ကရင်၊ ရှမ်း၊ မြေပြန့်ချင်း စသည့် တိုင်းရင်းသားများ ရှိနေကြသည်သာ ဖြစ်သည်။

ထိုရေ၊ ထိုမြေတို့ကို မည်သူပိုင်သည်၊ မည်ဝါပိုင်သည်ဟူ၍ မည်သို့ခွဲခြားနိုင်ကြမည်နည်း။ စင်စစ် မြန်မာတစ်နိုင်ငံလုံးသည် ပြည်ထောင်စုသား အားလုံးပိုင်သော နယ်မြေကြီး ဖြစ်သည်။ လွတ်လပ်သော မြန်မာနိုင်ငံတွင် နိုင်ငံသားအားလုံး လွတ်လပ်စွာ သွားလာနိုင်သည်။ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်သည်။ လွတ်လပ်စွာ အသက်မွေးဝမ်း ကျောင်းနိုင်သည်။ လွတ်လပ်စွာ အခြေချနေထိုင်နိုင်သည်။ ဤကား မြန်မာနိုင်ငံလွတ်လပ်ပြီးချိန်မှစ၍ အခြေခံဥပဒေအဆက်ဆက်တွင် အာမခံပြဋ္ဌာန်းထားသောအချက်ဖြစ်လေသည်။ ဤသို့ လွတ်လပ်စွာ ကူးလူးဆက်ဆံသွားလာ ရောင်းဝယ်ဖောက်ကား အခြေချနေထိုင်နိုင်ခြင်းဖြင့် ကိုလိုနီခေတ်က သွေးခွဲရေးဥပဒေများဖြင့် တောင်တန်းမြေပြန့် ကူးသန်းဝင်ရောက်ခွင့်ပါ ပိတ်ပင်ထားခဲ့မှုကြောင့် ပေါ်ပေါက်လာခဲ့ရသော တိုင်းရင်းသားချင်းအနေဝေး၍ သွေးအေးမှုများ၊ အပြန်အလှန် သံသယများကိုပယ်ဖျောက်၍ နားလည်ချစ်ခင်မှုများ တိုးပွားလာပေလိမ့်မည်။ တိုင်းရင်းသားချစ်ကြည်စည်းလုံးမှုများ ပိုမိုဖွံ့ထွားရှင်သန်လာပေလိမ့်မည်။ ဤအရေးကို ရှေးရှုမြော်မြင်၍ နိုင်ငံတော်အစိုးရက စီးပွားရေးအရ တွက်သားမကိုက်၍ နယ်ချဲ့တို့ မဖောက်လုပ်ဘဲ ချန်လှပ်ထားခဲ့သော တိုင်းရင်းသားသွေးချင်းတို့နေထိုင်ရာ ဝေးသီခေါင်ဖျားသော ဒေသများသို့တိုင် လမ်းများဖောက်၊ တံတားများဆောက်၍ ကူးလူးယှက်သွယ်နေခြင်းဖြစ်သည်။

**စင်စစ်၌ သေချာဆင်ခြင်စေ့ငု မျှော်ရှုကြည့်ပါက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးသည် ခွဲခြားနေထိုင်၍ မရအောင် အပြန်အလှန်မှီခိုနေရသည့် တူညီသော အကျိုးစီးပွားလည်းရှိကြသည်။ ခွဲခြား၍မရသော ရေမြေဒေသ တစ်ခုတည်းအတွင်း၌ နီးကပ်ရောယှက်ကာ အတူတကွ နေထိုင်လာခဲ့ကြသည်။ ခွဲခြား၍မရသော ကံကြမ္မာကိုလည်း အတူတကွခံစားခဲ့ကြရသည်။ နယ်ချဲ့တို့၏ ကျွန်ဘဝရောက်ရှိခဲ့စဉ်ကလည်း အတူတူ မည်သူမျှ မကျန်ခဲ့ဘဲ ကျွန်ဖြစ်ခဲ့ကြရသည်။ လွတ်လပ်ရေးရတော့လည်း အတူတကွ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၊ တစုတစည်းတည်း၊ တစ်နိုင်ငံတည်းအဖြစ် ရခဲ့ခြင်းဖြစ်သည်။ ကမ္ဘာစစ်၏ ဘေးဒဏ်ကိုခံခဲ့ ရပြန်စဉ်ကလည်း အတူတူပင်။ ပြည်တွင်းသောင်းကျန်းမှု ဒဏ်ချက်တွင်လည်း လွတ်ကျန်ခဲ့သူဟူ၍ မရှိခဲ့ပါ။ ထို့အတူ ကြီးပွားချမ်းသာဖို့၊ ဖွံ့ဖြိုးတိုးတက်၍ ခေတ်မီသော နိုင်ငံကြီးတည်ဆောက်ဖို့ရာတွင်လည်း အတူတကွ ပါဝင်ကြိုးပမ်း၍ အတူတကွ မျှဝေခံစားကြရမည်သာ ဖြစ်ပါသည်။**

အကျိုးစီးပွားတူ၊ ဘဝတူ၊ ကံကြမ္မာတူ တစ်ရေတစ်မြေတည်း အတူနေသွေးချင်းတို့၏ လက်များသည် အချင်းချင်း ထိုးနှက်သတ်ပုတ်ရန်အတွက် မဟုတ်ပါချေ။ လက်ချင်းတွဲဆက်၍ ခေတ်မီတိုးတက်ဖွံ့ဖြိုးသော အေးချမ်းသာယာသည့် အနာဂတ်နိုင်ငံတော်သစ်ကြီးကို စိတ်သစ်၊ လူသစ်၊ အားမာန်သစ်တို့ဖြင့် ခိုင်ခိုင်မာမာ ကြိုးပမ်းတည်ဆောက်သွားကြရန်သာ ဖြစ်ပါလေသည်။ ။

**နီးလျက်နဲ့ မဝေးတော့ပါ -** ကာတွန်း - ဝေရှင်



**မြန်မာနိုင်ငံ၏ ပြည်ထောင်စုဒေသနယ်မြေအစိတ်အပိုင်းတစ်ခုချင်း မည်သို့မျှ သီးခြားခွဲ၍ ရပ်တည်နေနိုင်ခြင်း မရှိပေ။ ထိုသို့ ခွဲခြားရပ်တည်လိုက်သည်နှင့် နွားကွဲလျှင် ကျားဆွဲခံရမည့် ကြမ္မာဆိုးမျိုးနှင့် ရင်ဆိုင်ရဖွယ်ရှိလေသည်။**

**သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး အစဉ်သဖြင့် တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ကြကာ အချင်းချင်း အပြန်အလှန်ထောက်ကန်အားပြု မှီတည်နေကြမှသာ နိုင်ငံတစ်ခုအဖြစ် ခိုင်ခိုင်မာမာ ရှင်သန်ရပ်တည်နိုင်မည့် အခြေအနေရှိသည်ကို အလေးအနက် သတိချပ်အပ်ပေသည်။**

※ စာမျက်နှာ ၇ မှ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဖွံ့ဖြိုးတိုးတက်မှုများအတွက် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများမှာ အကျိုးပြုဧက ၂၀၀ ကျော်ကို ရေပေးဝေနိုင်မည့် ပင်းတောက်ရေလှောင်တမံ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ရထားဖြင့် ခရီးသွားလာနိုင်ရေးအတွက် ၂၂၆ မိုင်ရှည်သည့် မိုးနဲ-ကျိုင်းတုံ ရထားလမ်း၏ မိုးနဲ-တာဆန်းလမ်းပိုင်း၊ ၇၂ မိုင်ရှည် တာဆန်း-မိုင်းဆတ်လမ်းပိုင်း၊ ၈၇ မိုင်ရှည်သည့် မိုင်းဆတ်-ကျိုင်းတုံလမ်းပိုင်းနှင့် ပေ ၁၈၀ အထက် တံတား ခြောက်စင်းကိုလည်း ထပ်မံတည်ဆောက်ပေးဦးမည် ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဆက်သွယ်ရေးကဏ္ဍ၌ စီဒီအမ်အေ၊ ဂျီအက်စ်အမ်၊ မိုဘိုင်းလ်တယ်လီဖုန်း၊ အော်တိုတယ်လီဖုန်းများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် ကျိုင်းတုံမြို့တွင် လိုင်း ၂၀၀ တိုးချဲ့ခြင်းနှင့် တာချီလိတ်မြို့တွင် လိုင်း ၅၀၀ တိုးချဲ့ခြင်းလုပ်ငန်းများ၊ ကျိုင်းတုံမြို့နယ် ကတ်တောင်းရွာတွင် လိုင်း ၃၅၀ အော်တိုအိတ်ချိန်း တည်ဆောက်ခြင်းများကို စီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်မှုများ အံ့မခန်းဝေဖြာလာမည်မှာ သေချာနေကြောင်း တွေ့မြင်ခဲ့ရသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာရန် လားရှိုးမြို့သို့ ခရီးဆက်ခဲ့သည်။ ရှမ်းပြည်နယ်တစ်ဝန်းရထား၊ ကား၊ လေယာဉ်ခရီးစဉ်များအနက် နှစ်သက်ရာကို ရွေးချယ်စီးနင်းသွားလာနိုင်ကြပြီဖြစ်ရာ တစ်ချိန်တစ်ခါက အိပ်မက်သဖွယ်ဖြစ်ခဲ့ရသော ခရီးစဉ်များ လက်ရှိအချိန်၌ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်နေကြပြီကို ပီတိဖြစ်ဖွယ် ကြုံတွေ့ခံစားခဲ့ရသည်။ လားရှိုးတွင် မိတ်ဆွေဖြစ်သူ ဦးလဖုန်ချိုင်းက လာကြိုရာ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးများကို လေ့လာကြည့်ရှုရင်း ဆွေးနွေးဖြစ်သည်။

**မေး။** ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ အထူးဖွံ့ဖြိုးရေးဒေသကြီးအဖြစ် သတ်မှတ်ထားတာ ဘယ်နေရာတွေလဲဗျ ဦးလဖုန်ချိုင်း။ ခင်ဗျားက ဒေသခံလည်းဖြစ်၊ နှံ့နှံ့စပ်စပ်လည်းသိလို့ မေးတာပါ။ဘာတွေ ဆောင်ရွက်ထားလဲ ပြောပြပေးပါဦး။

## ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဆဲ/ဆောင်ရွက်မည့်စီမံကိန်းများ

| အကြောင်းအရာ | တည်နေရာ | မှတ်ချက် |
|---|---|---|
| **ရှမ်းပြည်နယ်(တောင်ပိုင်း)** | | |
| | | **အကျိုးပြုဧက** |
| -မြို့ကြီးရေလှောင်တမံစီမံကိန်း(ဆောင်ရွက်ဆဲ) | ရွာငံမြို့နယ် | ဧက၃၀၀၀၀ |
| -ကျိုင်းခမ်းရေလှောင်တမံစီမံကိန်း(ဆောင်ရွက်ဆဲ) | ရပ်စောက်မြို့နယ် | |
| -မလန်းခမ်းဆည်(ဆောင်ရွက်ဆဲ) | နမ့်စန်မြို့နယ် | ဧက၁၅၀၀ |
| -နမ့်လှုရေလွှဲဆည်(ဆောင်ရွက်ဆဲ) | မောက်မယ်မြို့နယ် | ဧက၄၇၀ |
| -ထီဗွာရေလှောင်တမံ | တောင်ကြီးမြို့နယ် | ဧက ၇၀၀(ဆောင်ရွက်မည့်စီမံကိန်း) |
| -ပေ ၁၈၀ နှင့်အထက် တည်ဆောက်ဆဲတံတား (လိန်းလီတံတား) | ပင်လောင်းမြို့နယ် | တည်ဆောက်ဆဲ |
| -မိုးနဲ-ကျိုင်းတုံရထားလမ်း | မိုးနဲမှ ကျိုင်းတုံ | ဆောင်ရွက်ဆဲ |
| တာဆန်းရေအားလျှပ်စစ်စီမံကိန်း | မိုင်းပန်မြို့နယ် | မဂ္ဂါဝပ် ၇၁၁၀ (ပင်မရေအားလျှပ်စစ်)<br>မဂ္ဂါဝပ် ၂၀၀(အကူရေအားလျှပ်စစ်) |
| အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း | မိုင်းပန်မြို့နယ် | ၅၁ မဂ္ဂါဝပ် |
| **ရှမ်းပြည်နယ်(အရှေ့ပိုင်း)** | | |
| -ပင်းတောက်ရေလှောင်တမံ | ကျိုင်းတုံမြို့နယ် | အကျိုးပြုဧက ၂၀၀ |
| -မိုးနဲ-ကျိုင်းတုံ မီးရထားလမ်း(၂၂၆)မိုင်<br>မိုးနဲ-တာဆန်းလမ်းပိုင်း (၆၇)မိုင်<br>တာဆန်း-မိုင်းဆတ်လမ်းပိုင်း(၇၂)မိုင်<br>မိုင်းဆတ်-ကျိုင်းတုံ လမ်းပိုင်း(၈၇)မိုင် | ရှမ်းပြည်နယ်<br>(အရှေ့ပိုင်း) | ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှစ၍<br>ဆောင်ရွက်လျက်ရှိပါသည်။ |
| - ဘူတာပေါင်း(၁၈)ခု | | |
| - ပေ(၄၀)အောက်တံတား ၄၄၅ စင်း | | |
| - ပေ(၄၀)နှင့် ပေ(၁၈၀)ကြား တံတား ၁၀ စင်း | | |
| - ပေ(၁၈၀)အထက်တံတား ခြောက်စင်း | | |

**ဖြေ။** ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ အထူးဖွံ့ဖြိုးရေးဒေသကြီးအဖြစ် သတ်မှတ်ထားတာကတော့ လားရှိုးမြို့ပေါ့ဗျာ။ လားရှိုးမှာတော့ နည်းပညာတက္ကသိုလ်တစ်ခု၊ ကွန်ပျူတာတက္ကသိုလ်တစ်ခုနဲ့ လားရှိုးဆေးရုံတွေ တည်ဆောက်ပေးထားပါပြီ။ နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်တွေက နှစ်စဉ် ပညာတတ်လူငယ် အတတ်ပညာရှင်တွေ အများအပြား မွေးထုတ်ပေးနိုင်နေပြီလေ။ ဒီလူငယ်တွေက အခုဆိုရင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နေကြပြီပေါ့။ အခြေခံပညာကျောင်းတွေဆိုရင်လည်း ၁၉၈၈ ခုနှစ်က ၁၃၆၇ ကျောင်းပဲ ရှိခဲ့ရာက အခုဆိုရင် ၁၆၆၇ ကျောင်းအထိ ကျောင်းပေါင်း ၃၀၀ ကျော် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့တယ်။ ဒါကြောင့် ဒေသခံတိုင်းရင်းသား ရင်သွေးငယ်တွေဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အိုးမကွာ၊ အိမ်မကွာ ပညာဆည်းပူးခွင့် အခွင့်အလမ်းတွေ ရရှိနေတာပေ့ါ။ ဒါဟာ အမြော်အမြင်ကြီးမားပြီး ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံ စေတနာထားနိုင်တဲ့ နိုင်ငံတော်အကြီးအကဲရဲ့ ဆန္ဒနဲ့ လမ်းညွှန်မှုတွေကြောင့်ပါပဲ။

**မေး။** ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ လမ်းပန်းဆက်သွယ်ရေးနဲ့ တည်ဆောက်ပြုပြင်မှု အပိုင်းတွေကော အင်အားဖြည့်ဆောင်ရွက်နိုင်ရဲ့လားဗျ ဦးလဖုန်ချိုင်း။

**ဖြေ။** ။ လုပ်နိုင်ပြီပေ့ါဗျာ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ၁၉၈၈ ခုနှစ်က ပေ ၁၈၀ အထက် တံတား ၁၄ စင်းပဲရှိခဲ့တာ။ အခုဆိုရင် ၂၁ စင်းအထိ ဆောက်လုပ်ပေးထားနိုင်ပြီလေ။ ဥပမာပြောရရင် ဒုဌဝတီတံတား(နောင်ချို)၊ သံလွင်ကြိုးတံတား တာကော်အက်၊ သံလွင်မြစ်ကူးတာပါးတံတားတွေလဲ ပါဝင်တာပေ့ါ။ မော်တော်ကားလမ်း တွေဆိုရင်လည်း ၁၉၈၈ ခုနှစ်က ကားလမ်းအရှည် ၁၆၇၉ မိုင်သာရှိခဲ့ပြီး အခုဆိုရင် ကားလမ်းအရှည် ၄၉၃၈ မိုင်ကျော်အထိ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီဆိုတော့ ၁၉၈၈ ခုနှစ်ကထက် မော်တော်ကားလမ်းအရှည် ၃၂၅၉ မိုင်ကျော် ပိုပြီး တိုးချဲ့နိုင်ခဲ့တာပေ့ါ။ ဒါကြောင့် အခုဆိုရင် ဒေသခံတိုင်းရင်းသားတွေဟာ ကတ္တရာခင်းလမ်းမကြီးပေါ်မှာ ရုပ်မြင်သံကြားစက်တွေပါတဲ့ အဆင့်မြင့် အဝေးပြေး မော်တော်ယာဉ်ကြီးတွေနဲ့ အချိန်မရွေး၊ ရာသီမရွေး သက်သောင့်သက်သာစွာ ခရီးသွားနေကြတာ မြင်တဲ့အတိုင်းပဲလေ။ ဘယ်လောက်ကျေနပ်ပီတိဖြစ်စရာ ကောင်းသလဲ။

**မေး။** ။ ဒါထက် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ စိုက်ပျိုးရေးနဲ့ ဆည်တမံတွေရဲ့ အခြေအနေကိုလည်း ပြောပြပေးပါဦး။ တိုးတက်မှုကော ရှိရဲ့လား။

**ဖြေ။** ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ တောင်ကုန်းတောင်တန်းတွေ ရှိတယ်ဆိုပေမယ့် စိုက်ပျိုးမြေတွေကို တိုးချဲ့နိုင်အောင် ကြိုးစားနိုင်ခဲ့ကြတယ်။ စပါး၊ လက်ဖက်၊ ဂုန်လျှော်စိုက်ခင်းတွေကို တစ်မျှော်တစ်ခေါ် တွေ့မြင် နေရတာပဲ။ ၁၉၈၈ ခုနှစ်က စုစုပေါင်း စိုက်ပျိုးမြေ ဧရိယာ ၁၀၇၄၃၁၅ ဧကသာ ရှိခဲ့ပေမယ့် အခုဆိုရင် စိုက်ပျိုးမြေဧက ၁၅၀၄၂၃၉ အထိ တိုးချဲ့နိုင်ခဲ့တာဆိုတော့ စိုက်ပျိုးဧက ၄၂၉၉၂၄ ဧက ပိုမိုတိုးချဲ့နိုင်ခဲ့တာပေ့ါ။ ဆည်တမံအနေနဲ့ ကြည့်မယ်ဆိုရင်လည်း ၁၉၈၈ ခုနှစ်က ဆည်တမံ ၃၄၉ ခုသာ ရှိခဲ့ပေမယ့် အခုဆိုရင် ဆည်တမံ ၄၆၀ အထိ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့တယ်လေ။ လားရှိုးမြို့နယ်အတွင်းမှာ ဟူးမွှန်ရေလှောင်တမံ၊ ကောက်ကွေ့ရေလှောင်တမံတွေ တည်ဆောက်ပေးနိုင်ခဲ့ပြီး စိုက်ပျိုးမြေဧက ရာပေါင်းများစွာကို စိုက်ပျိုးရေ ပေးဝေနိုင်နေပြီမို့ စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်တဲ့ ဒေသခံတိုင်းရင်းသားတွေ အများကြီး ထွက်ပေါ်နေပြီ။ ရှမ်းပြည်နယ်(မြောက်ပိုင်း) က အရင်ကနဲ့မတူတော့ဘူး၊ ထူးခြားပြောင်းလဲနေပြီဆိုတာ မျက်မြင်တွေ့ရမှာပါ။

လားရှိုးမြို့နှင့် အနီးဝန်းကျင်ဒေသများကို လိုက်လံလေ့လာခဲ့သည်။တိုင်းရင်းသား ရင်သွေးငယ်များ အဆင့်မြင့်ပညာရပ်များကို စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေသည့် နည်းပညာတက္ကသိုလ် (လားရှိုး) နှင့် ကွန်ပျူတာတက္ကသိုလ်(လားရှိုး) တို့၏ ခမ်းနားဝင့်ထည်စွာ တည်ရှိနေမှု၊ ရေအားလျှပ်စစ်စက်ရုံများ၊ မော်တော်ယာဉ် မောင်းတက်၊ မောင်းဆင်းနိုင်အောင် တည်ဆောက်ထားသည့် ဟူးမွှန်ရေလှောင်တမံကလည်း ဆည်ရေအပြည့်ဖြင့် စိုက်ပျိုးရေနိုင်နင်းစွာ ပေးဝေနိုင်မှုအနေအထားကို အားရဖွယ် မြင်တွေ့ရသည်။

**ရှမ်းပြည်နယ် (မြောက်ပိုင်း) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများမှာ ဧက ၂၅၀၀ ကို ရေပေးနိုင်မည့် သိန်းနီမြို့နယ် နမ့်မျှင်ရေလွှဲဆည်၊ လောက်ကိုင်မြို့နယ်အတွင်း ဧက ၅၀၀ ကို ရေပေးဝေနိုင်မည့် ကြာတိလင် ရေတားတမံနှင့် ဧက ၁၂၀ ကို ရေပေးဝေနိုင်မည့် ပါးဝေရေလွှဲဆည်တို့ကို တည်ဆောက်ရန် စီစဉ်နေပြီဖြစ်သည်။ ဆည်တမံများ တည်ဆောက်ပြီးပါက စိုက်ဧကများ တိုးချဲ့နိုင်ကာ စိုက်ပျိုးရေးထွက်ကုန် ပိုမိုတိုးတက်များပြားလာမည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားများ စီပွားပိုမို ဖွံ့ဖြိုးတိုးတက်လာပေတော့မည်။ တစ်ဖန် ကွတ်ခိုင်၊ ကောင်းခါးမြို့သစ်၊ သိန်းနီမြို့နယ်၊ နမ္မတူမြို့နယ်နှင့် မန်တုံမြို့နယ်တို့တွင် စီဒီအမ်အေ တယ်လီဖုန်းအလုံး ၇၅၀ တပ်ဆင်ပေးတော့မည်ဖြစ်ရာ ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လက်တစ်ကမ်းအကွာ၌ တယ်လီဖုန်းများဖြင့် နိုင်ငံတစ်ဝန်း အချိန်မရွေး ဆက်သွယ်ပြောဆိုနိုင်ကြတော့မည်။ ထို့အပြင် မိုးမိတ်မြို့နယ်အတွင်း မဂ္ဂါဝပ် ၈၀၀ ထုတ်လုပ်နိုင်မည့် ဓာတ်အားပေးစက်ရုံတစ်ရုံကိုလည်း တည်ဆောက်တော့မည်ဖြစ်ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ ဖွံ့ဖြိုးမှုအလှတရားများက အနာဂတ်ကာလတွင် ဝေဖြာထွန်းပနေတော့မည် ဖြစ်သည်။**

ရှမ်းပြည်နယ်တစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံကို လေ့လာခဲ့ပြီး ပြန်လည်ထွက်ခွာခဲ့သည်။ နိုင်ငံတော်သည် ရှမ်းပြည်နယ်ကို အခြားသော ပြည်နယ်နှင့် တိုင်းများနည်းတူ ရင်ဝယ်သားကဲ့သို့ ဖြူစင်သော စေတနာ၊ ကျယ်ပြန့်နက်ရှိုင်းသော မေတ္တာတို့ဖြင့် နယ်ပယ်ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ဆက်လက်ဆောင်ရွက်နေဆဲလည်းဖြစ်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ နိုင်ငံတော်၏ ကြီးမားသော စေတနာနေခြည်အောက်တွင် ရှမ်းပြည်နယ်တစ်ခွင်၌ တည်ငြိမ်အေးချမ်းမှုတေးသံတလွင်လွင်ဖြင့် ဖွံ့ဖြိုးမှုအလင်းရောင်များ တောက်ပဖြာဝေနေပြီဟု တွေးရင်း ကြည်နူးပီတိဖြစ်ခဲ့ရပါကြောင်း ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသား တင်ပြလိုက်ရပါသည်။ ။

## မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

♦ သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်း မီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

♦ သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့ထွက်သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

♦ မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

## ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၌ မီးလောင်ကျွမ်းမှု ဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမကြီးပေါ်ရှိ သဃ်န်းကျွန်းဈေး၌ ယနေ့ည ၇ နာရီ ၃၇ မိနစ်ခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့ရာ မီးသတ်ယာဉ် ၄၉ စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်နိုင်ခဲ့မှုကြောင့် ည ၉ နာရီခွဲခန့်တွင် မီးညွန့်ကျိုးသွားခဲ့ပြီး ည ၉ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရှိရသည်။

မီးလောင်ရသည့် အကြောင်းရင်းနှင့် မီးလောင်ဆုံးရှုံးမှုအား စိစစ်ဆဲဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## SONY ALPHA CAMERA MODEL အသစ် မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

SONY ALPHA CAMERA MODEL အသစ် မိတ်ဆက်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ TMW Interprise Limited မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ဓာတ်ပုံပညာရှင်များ၊ မော်ဒယ်သရုပ်ဆောင်များနှင့် ဓာတ်ပုံပညာရပ်ကို စိတ်ဝင်စားသူ ဝါသနာရှင်များ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် TMW Interprise Limited မှ ဒါရိုက်တာ ဒေါ်ဝေသစ်လွင်က နှုတ်ခွန်းဆက်စကား ပြောကြား၍ တာဝန်ရှိသူက SONY ALPHA CAMERA ၏ ဆန်းသစ်သည့်နည်းပညာများနှင့် အသုံးပြုပုံများကို ရှင်းလင်းတင်ပြပြီး SONY ALPHA CAMERA ကို လက်ရှိအသုံးပြုနေသူ ဓာတ်ပုံပညာရှင် ဦးဖေမြင့်ဦးက ကင်မရာနှင့်ပတ်သက်သည့် လက်တွေ့ရိုက်ကူးရာတွင် တွေ့ရှိချက်များကို ရှင်းလင်းတင်ပြကာ အခမ်းအနားသို့ တက်ရောက်လာသူများ၏ သိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

SONY ALPHA CAMERA များ ဖြစ်သည့် α330၊ α550 နှင့် α 500 ကင်မရာများတွင် Quick AF Live View တပ်ဆင်ထားသောကြောင့် Phase-detection autofocus ၏ တိကျမှုကို ရရှိစေနိုင်မည်ဖြစ်သည်။ Eye-Start function သည်လည်း User ကြည့်သော ပုံရိပ်ပေါ်တွင် autofocus ဖြတ်ပေးသည်။ Memory Card Slot နှစ်ခုပါရှိပြီး Memory Stick Duo Slot တွင် high-capacity Memory Stick PRO Duo™နှင့် Memory Stick PRO-HG Duo™ medias (the latest Memory Stick PRO-HG Duo HX card) တို့လည်းပါဝင်သည်။ SD (Secure Digital) slot သည် SDHC နှင့် အဆင်ပြေစေသည်။ New BIONZ image processor နှင့် high ISO sensitivity of up to 12800 တို့ကို ပေါင်းစပ်ထားသောကြောင့် အသုံးပြုသူများအနေဖြင့် အလင်းအားနည်းသော နေရာများတွင် ရိုက်ကူးရာ၌ control များကို ပိုမိုအသုံးပြုလာနိုင်သည်။ High-Speed Continuous Shooting, Auto HDR အမျိုးအစား ကင်မရာအသစ်များတွင် burst shooting speed နှင့် ပုံဖမ်းယူနိုင်သော အားသာချက်များပါရှိလာသည့်အတွက် ဓာတ်ပုံပညာရှင်များအကြား ဆွဲဆောင်မှုရှိပြီး စိတ်ကျေနပ်မှု အကောင်းဆုံး ပေးစွမ်းနိုင်ကြောင်းနှင့် SONY ALPHA CAMERA MODEL အသစ်များကို ဝယ်ယူလိုပါက SONY အရောင်းပြခန်းများ၌ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)





**SONY ALPHA CAMERA MODEL အသစ်မိတ်ဆက်ပွဲ အခမ်းအနားတွင် TMW Interprise Limited မှ ဒါရိုက်တာ ဒေါ်ဝေသစ်လွင်က နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** (သတင်းစဉ်)



**SONY ALPHA CAMERA MODEL အသစ်မိတ်ဆက်ပွဲ အခမ်းအနားတွင် ဖိတ်ကြားထားသော ဧည့်သည်များ၊ ဓာတ်ပုံပညာရှင်များ၊ SONY ALPHA CAMERA ၏ ဆန်းသစ်သည့် နည်းပညာများနှင့် အသုံးပြုပုံများကို လက်တွေ့ကိုင်တွယ် အသုံးပြုနေကြစဉ်။** (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ပိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၀ခုနှစ်(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၁၀ခုနှစ်(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဖတ်ကြားစဉ်။ (သတင်းစဉ်)

# ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် **စာမျက်နှာ ၄ ကော်လံ ၁ သို့**☆

## (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု


❖ မောင်မောင်မြင့်ဆွေ ၏ (သတင်းဆောင်းပါး) စာမျက်နှာ - ၆၊ ၇၊ ၁၁

❖ စည်သူအောင် ၏ (ဆောင်းပါး)စာမျက်နှာ - ၈၊ ၉

❖ နန်းမွန်ဟိန်း ၏ (ကဗျာ) စာမျက်နှာ - ၈

❖ ဝေရှင် ၏ (ကာတွန်း) စာမျက်နှာ - ၉